သဲကုန်းကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲကုန်းကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	သဲကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
	သဲကုန်းကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်	၆
	သဲကုန်းကျေးရွာ ဒရိုးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်	၇
	သဲကုန်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၁
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၂
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၂
	(ခ) ကျေးရွာ မီးလင်းရေး	၁၃
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၃
၆။	**ပညာရေး**	၁၃
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၄
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၅
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၅
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၇
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၀
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၁
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၈
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၄

	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၆
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


သဲကုန်းကျေးရွာ

သထုံမြို့နယ်


သဲကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



သဲကုန်းကျေးရွာ ရာသီခွင်ပြပကွဒီန်၊ သထုံမြို့နယ်



သဲကုန်းကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



သဲကုန်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်

သဲကုန်းကျေးကျွဲ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	အဆင့်ပြသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြောလည်သောအိမ်ထောင်စု	အလွန်မပြောလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၃၀	၂၂	၂၄	၈၅
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၅ ဧကခန့်	၅ ဧကခန့်	၅ ဧကခန့်
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင် / ပျဉ်ခင်း အိမ်မိုး	ပျဉ်ထောင် / ပျဉ်ခင်း အမိုးမိုး	၅ ဧကခန့်
ကုန်ထုတ်လယ်ယာနှင့် ဆိုင်သောပိုင်ဆိုင်မှု	ကား / ထွန်စက်	အုံးကိုးဆိုင်ကယ်	ဆိုင်ကယ်	၅ ဧကခန့်
အခြားကဏ္ဍများ လုပ်ငန်း	လယ် / စက်ဖွင့်	စက်ဖွင့်	ဆိုင်ကယ်ကယ်ရီ / ထွန်စက်ကျွဲကူး	၅ ဧကခန့်

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သဲကုန်းကျေးရွာသည် မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ ဓနုကျေးရွာအုပ်စု တွင်တည်ရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် လယ်ယာ၊ ကိုင်းများရှိပါသည်။ အနောက်ဘက်တွင်(ဝိဇ္ဇာတောင်) ဝင်းပ–သထုံ တောင်တန်းကြီးများရှိပါသည်။ မြောက်ဘက်တွင် သဲကုန်း–သုံးအိမ်စု–ဝီယော်ကျေးရွာချင်းဆက်လျက်တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် မရမ်း၊ဓနု၊ညာဓဝယ်မှ ကြာပန်းအထိ ကျေးရွာချင်းဆက်လျက်တည်ရှိပါသည်။ ကျေးရွာတွင် ပအိုဝ်း၊ ကရင်၊ဗမာစသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ဗမာလူမျိုးမှာ လူနည်းစုဖြစ်ပါသည်။ ဝိဇ္ဇာတောင်ပေါ် တွင် စေတီ၊ပုထိုးများတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ သဲကုန်းကျေးရွာတွင် လယ်(၆၄)ဧက၊ဥယျာဉ်ခြံမြေ(၁၃၆)ဧက၊ ကိုင်းမြေ(၁၃၁)ဧကရှိပြီးမြေဆီလွှာအရည်အသွေး အသင့်အတင့်သာရှိပါသည်။ သီးနှံမစိုက်ပျိုးသည့် မြေလွတ်မြေလပ်(၅)ဧကရှိပါသည်။ သဲကုန်းကျေးရွာတွင် ကျေးရွာပိုင်စားကျက်မြေများမရှိပါ။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သဲကုန်းကျေးရွာသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တွင် (ကျား- ၆ဦး)၊ ရပ်မိရပ်ဖအဖွဲ့တွင် (ကျား- ၈ဦး)တို့ပါဝင်ပြီး ကျေးရွာ၏ အုပ်ချုပ်ရေး၊စီမံကွပ်ကဲရေးတို့တွင် တက်ကြွစွာပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ မပါဝင်ကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်တက်ကြွကြွပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ၊သာရေးနာရေးကိစ္စများကိုကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ စသည့်အဖွဲ့များ တစ်ဖွဲ့နှင့် တစ်ဖွဲ့တာဝန်များခွဲ၍ စည်းစည်း လုံးလုံး ဆောင်ရွက်ကြပါသည်။ ကာလသား/သမီးအဖွဲ့ တွင်(ကျား–၁၅ဦး/မ– ၁၅)ဦးသည် ကျေးရွာ၏ သာရေးနာရေးစသော လူမှု ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်နေကြပါသည်။ မိခင်နှင့် ကလေးစောင့် ရှောက်ရေး အဖွဲ့(မ–၃ဦး)သည် ကျေးရွာ၏ ကျန်းမာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် လုပ်ဆောင်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင်း(ကျား–၃ဦး)သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍာတိုးတက်လာ စေရေးအတွက်

လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် ပအိုဝ်းရိုးရာ ယဉ်ကျေးမှုအဖွဲ့လည်းရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုပေါင်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သဲကုန်းကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၁) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၃) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၅) အိမ်ထောင်စု စသည်တို့ ရှိပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးရေးမှာ လယ်ဖြစ်ပြီး စိုက်ပျိုးရေးကို မိုးရေဖြင့်သာအဓိကစိုက်ပျိုးကြ သည်။ ကျေးရွာတွင် အခြား စိုက်ပျိုးရေး အနေဖြင့် နှမ်းကျဲ၊ မြေပဲစိုက်၊ပဲကြဲ၊ ကွမ်းစိုက်ခြင်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ဒါ့အပြင် နွေရာသီ စိုက်ပျိုးရေးအတွက် ကျခတ်ချောင်းမှာ အဝပိတ်နေသဖြင့် စိုက်ပျိုးရေးအတွက် အခက်အခဲများရှိပြီး မိုးတွင်းကာလများတွင်လည်း ရေကြီးခြင်း စသည့်အခက်အခဲများကြုံတွေ့ရပါသည်။ ထို့ကြောင့် ထိုကျခတ်ချောင်းတူးဖော်လိုက်မည်ဆိုပါက ကျေးရွာတစ်ရွာလုံးရှိ လယ်/ခြံများ စိုက်ပျိုးရေးအတွက် အဆင်ပြေပြီး ဧက၅၀၀ကျော်ခန့် အကျိုးရှိမည်ဖြစ်ပါသည်။

သဲကုန်းကျေးရွာတွင် စပါးကိုသာ အဓိကထားစိုက်ပျိုးသော ကျေးရွာ ဖြစ်သည်။ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိသဖြင့် ရာသီဥတုမကောင်းသော နှစ်မှာ တစ်ဧကလျှင်(၁၀) တင်းမျှသာရှိပြီး ရာသီဥတုကောင်းသောနှစ်တွင် တစ်ဧက(၃၀)တင်းအထိထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၂၀) စီးရှိပြီး၊ ရေစုပ်စက် (၁၁) လုံး နှင့် မြက်ရိတ်စက်(၂၂)လုံး ရှိပါသည်။ သဲကုန်းကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုနည်းပါးကြပြီး ခေတ္တခဏယူအသုံးပြုနေသည့် အိမ်ထောင်စုများ ရှိပါသည်။ လူဖြင့်ရိတ်သိမ်းကြပြီး ကိုယ်ပိုင် ထွန်စက်များရှိသော အိမ်ထောင် စုများ သည် စပါးများကို ၎င်းစက်ဖြင့်ခွေကြပြီး ကိုယ်ပိုင် ထွန်စက် မရှိသော အိမ်ထောင်စုများသည် ခေတ္တခဏယူပြီးစက်ဖြင့်ခွေကြပါသည်။

ကျေးရွာသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)လမ်းမ ပေါ်တွင် ရှိသဖြင့် မြို့သို့သွားရလွယ်ကူသောကြောင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ သွင်းအားစုများ၊ မျိုးကောင်း မျိုးသန့်များကို

အလွယ်တကူရရှိပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေများကိုလည်း မိသားစု၊ ဆွေမျိုးများထံတွင် အလွယ်တကူချေးယူရရှိပါသည်။ လယ်သမားများသည် မိုးရေဖြင့် အဓိကစိုက်ပျိုးသောကြောင့် မိုးမမှန်သောနှစ်များတွင် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ ပိုမိုများပြား ပါသည်။

ပဲစိုက်ပျိုးချိန်၌ နှင်းခါးကျခြင်း၊ ငါးမြောင်တောင် ပိုးများကျခြင်း စသည့် ပိုးများကျခြင်းနှင့် စပါးစိုက်ချိန်၌ ဖလန်ဖြူ၊ ဆစ်ပိုး၊ဆပ်မီးပိုးစသည့် ပိုးများ ကျရောက်ခြင်းများ ကြောင့် သီးနှံများပျက်စီးဆုံးရှုံးရပါသည်။ ၎င်းပိုးများကို နှိမ်နှင်းရန်အတွက် စိုက်ပျိုးရေး အသိပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးအသိပညာပေးပွဲများပြုလုပ်ရန်လို အပ်ပါသည်။ ဒါ့အပြင် ပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သူများပြားသောကြောင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လုပ်သားများရှားပါးခြင်း များလည်းကြုံတွေ့ရပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃၀) အိမ်ရှိပြီး နွားကောင်းရေ (၇၆) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၁၆) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှ ဆိတ် (၈) ကောင်၊ အိမ်ထောင်စု (၂၇) အိမ်မှ ဝက် (၄၄) ကောင်၊ အိမ်ထောင်စု (၃၂) အိမ်မှ ကြက် (၁၁၁) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဝက် (၁၂) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် တိရစ္ဆာန် သောက်သုံးရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ်တကူရနိုင်ပါသည်။ တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ သဲကုန်း ကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစားနိုင် သည့် စာကျက်မြေအလုံအလောက် မရှိသည့်အပြင် မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာဝန်ဆောင်မှု များမရှိသဖြင့် ရာသီကူး ပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါ သည်။ မွေးမြူရေး လုပ်ငန်းနှင့် ပတ်သက်သော အသိပညာနှင့် အတွေ့အကြုံများလည်း လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သဲကုန်းကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ကျဘမ်း လုပ်ငန်းများကို သာလုပ်ကိုင်ကြပါသည်။ တစ်ချို့ မှာပြင်ပနိုင်ငံများ သို့

သွားရောက်အလုပ်လုပ်ကြသည်။ ကျေးရွာတွင် ကျဘမ်းလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြင်ပ နိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများပြားသောကြောင့် လုပ်သားအင်အား ရှားပါး လာပါသည်။ စက်ပစ္စည်းများကို ပိုမိုအသုံးပြုလုပ်ကိုင်လာကြသဖြင့် ကျဘမ်းသမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရှားပါးလာခဲ့ကြသဖြင့် အသက်မွေးဝမ်းကျောင်း အတွက် စက်ချုပ်သင် တန်း၊ ဆိုင်ကယ်ပြင်သင်တန်းများကိုပါ တတ်မြောက်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိ လာပြီး စီးပွားရေးမှာလည်း ပိုမို အဆင်ပြေလာမည် ဖြစ်ပါသည်။ သဲကုန်းကျေးရွာတွင် ရွှေ့ပြောင်းလုပ်သားများရခြင်းမှာ အလုပ်အကိုင် အခွင့်အလမ်းနှင့် လက်လုပ်လက်စားများခြင်း၊ ကျေးရွာ၏ ဝင်ငွေရလုပ်ငန်းများ နည်းခြင်း ကြောင့် ပြင်ပနိုင်ငံများသို့ ရွှေ့ပြောင်းရခြင်းဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ် သာရရှိပါ သည်။ ထို့ကြောင့် အတိုးနှုန်းသက်သာပြီး ကာလရှည်ချေးနိုင်မည့် မြစိမ်းရောင်စီမံကိန်းဆောင် ရွက်ပေးရန်လိုအပ်ပါသည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေ များ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သဲကုန်းကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်ခြင်း၊ သုံးဘီးမောင်းခြင်း လုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း တစ်ခါ တစ်ရံတွင် ကား/ဆိုင်ကယ်များကိုငှားရမ်း အသုံးပြု သည့် အိမ်ထောင်စုများရှိပါသည်။ကျေးရွာတွင် မော်တော် ဆိုင်ကယ် (၁၀) စီး၊ လှေ/ သမ္ဘာန် (၁) စီး၊ ကား (၂) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

သဲကုန်းကျေးရွာတွင်ခရိုင်ချင်းဆက်လမ်းမကြီးတစ်ခုသာ ကတ္တရာလမ်းဖြစ်ပြီး ကျန်လမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ဟာဒရသုခလမ်းသည် ကျေးရွာ၏ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှ ရွာအတွင်းပိုင်းသို့ဝင်သည့်လမ်း ဖြစ်သည့်အပြင် ယခုလက်ရှိတွင် မြေသားလမ်းသာ ဖြစ်သောကြောင့် နွေရာသီတွင်ဖုန်ထခြင်း၊မိုးတွင်းကာလများတွင် ဗွက်ထခြင်းများကြုံ တွေ့ရပြီး ဘုန်းကြီးများဆွမ်းခံကြွချိန်၌ အခက်အခဲများကြုံရခြင်းနှင့် ကျောင်းသား/သူများအတွက် သွားလာရခက်ခဲခြင်းများကြုံတွေ့ရပါသည်။ မောင်ဝင်းလမ်း သည့် ကုန်ထုတ်လမ်း ဖြစ်ပြီး ၎င်းလမ်းမှ လယ်၊ကိုင်း များသို့သွား လာရသောလမ်း ဖြစ်သောကြောင့် ၎င်းလမ်းကို ကွန်ကရစ်လမ်း သို့အဆင့်မြှင့်တင်လိုက်ပါက လယ်ကောဝဟန့် အကျိုးရှိမည် ဖြစ်ပါသည်။ သချိုင်းလမ်းနှင့် စံဖူးလမ်း သည် ဆက်စပ်နေပြီး ရွာပတ်လမ်း ဖြစ်သည့်အပြင် ၎င်းလမ်းမှ အခြားရွာရှိ လယ်/ ကိုင်းများ သို့ သွားရာတွင် မိုးတွင်းကာလ ဗွက်များ၊ ချိုင့်များကြောင့်သွားလာရခက်ခဲပါသည်။ စာသင်ကျောင်းလမ်းသည် ကျောင်းသား/ သူများ အဓိကအသုံးပြုနေသော လမ်းဖြစ်သည့်အပြင် ခရိုင်ချင်းဆက်လမ်းနှင့်ဆက်စပ်နေပြီး တောင်ပေါ် လမ်းကြားအတွင်းဘက်တွင် ရှိသောကြောင့် မိုးတွင်းကာလများတွင် တောင်ကျရေများကြောင့် သွားလာရအခက်အခဲများရှိသဖြင့် မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား/သူများ ကျောင်းသို့သွားရလွယ် ကူအဆင်ပြေသွားမည်ဖြစ်ပါသည်။

ဒါ့အပြင်ကျေးရွာတွင် ကျေးရွာအတွင်းတံတားများမရှိပါ။ ခရိုင်ချင်းဆက်လမ်းမပေါ်ရှိ တံတား (၃)စင်း သာရှိပြီး ၎င်းတံတားများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

သဲကုန်းကျေးရွာတွင် လျှပ်စစ်မီးမရှိသောကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲရှိပါသည်။ ကျောင်းသား/သူများ စာကြည့်ရာတွင် မီးမရှိသော ကြောင့် ပညာရေးအားနည်းခြင်းများကြုံတွေ့နေရပါသည်။ ဆိုလာဖြင့်အသုံးပြုသည့် အိမ်ထောင်စု (၄၄)စုရှိပြီး အခြားအမျိုးအမည်မခွဲခြားဖော်ပြခြင်းမပြုနိုင်သည့် မီးလင်းရေးအသုံးပြုသည့် အိမ်ထောင်စု(၇၃)စုရှိပါသည်။ယခုလက်ရှိတွင် ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသော် လည်း ကျေးရွာနှင့်(၇)မိုင်ခန့်သာ ဝေးသည့် ဓနုကျေးရွာတွင် လျှပ်စစ်မီးရောက်ရှိနေပြီး ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

သဲကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၁) လုံး၊ တီဗွီ (၂၇) လုံး၊ ဂြိုလ်တုစလောင်း (၁၈) လုံး စသည်တို့မှ ရရှိသည့်အပြင် MPT နှင့် Telenor ဖုန်းတိုင်များသည် ကျေးရွာ အနီးတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများမရှိပါ။

၆။ ပညာရေး

သဲကုန်းကျေးရွာတွင် မူလတန်းလွန် စာသင်ကျောင်း တစ်ကျောင်းရှိပါသည်။ အလယ်တန်းအဆင့်ပညာရေးကို (ညာဓဝယ်ကျောင်း)တွင် ပညာ သင်ယူရပြီး အထက်တန်း အဆင့်ကို (ထုံးဘိုလေးကျောင်း)တွင် တက်ရပါသည်။ ပညာရေးကို ဆုံးခန်းတိုင်ထိမတက် ရောက်ကြဘဲ မိသားစု စားဝတ်နေရေးအခက်အခဲများကြောင့် ပြင်ပနိုင်ငံ များသို့ သွားရောက်လုပ်ကိုင်သူများပြားပါသည်။ သဲကုန်းကျေးရွာရှိ အမက (မူလွန်)ကျောင်းတွင် ကွန်ကရစ် ကျောင်းဆောင်(၆၀'x ၃၀')တစ်ဆောင်နှင့် (၂၀'x ၁၅')တစ်ဆောင် နှစ်ဆောင် ရှိပါသည်။ သစ်သား ကျောင်းဆောင်တစ်ဆောင်လည်းရှိပြီး လွန်ခဲ့သောဖနှစ်ခန့်က တည်ဆောက်ထားသော ကြောင့် ယခု အချိန်တွင် ပျက်စီးယိုယွင်း နေသဖြင့်ကျောင်း ဆောင်လုံလောက်မှုမရှိပါ။ ထို့ကြောင့် နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင် တည်ဆောက်ရန်လိုအပ်ပါသည်။ ဒါ့အပြင် ကျောင်းခေါင်မိုး များမှာ ပျက်စီးနေခြင်း၊ ပြတင်းပေါက်များပျက်စီးနေခြင်းပါသည်။ ကျောင်းရှိအိမ်သာများမှာလည်း တည်ဆောက်ထား သည်မှာ သက်တမ်းကြာပြီး ဖြစ်သဖြင့် အိမ်သာများ ပျက်စီးနေပြီး ကျောင်းသား/သူ များအတွက် အိမ်သာ အသုံးပြုရာ၌ အခက်အခဲများကြုံတွေ့နေရသောကြောင့် ကျောင်းအိမ်သာ နှစ်ခန်းတွဲ တစ်ခန်းတည်ဆောက်ပေးပါက ကျောင်းသား/သူများအတွက် လည်းအဆင်ပြပြီး ကျောင်းအတွက်လည်းအကျိုးရှိမည် ဖြစ်ပါသည်။ ကျောင်းအတွက် သောက်သုံးရေ လည်း လုံလောက်မှုမရှိပါ။ ယခုလက်ရှိတွင် ကျောင်းသား/သူများအနေဖြင့် ကျောင်းရေတွင်း ကိုအသုံးပြုနေကြသော်လည်း နွေရာသီ ရေခမ်းချိန်၌ ရွာထဲရှိ ရေမခမ်းသော လက်တူးတွင်း များတွင် သွားရောက်ရေခပ်ရသဖြင့် အခက်အခဲများရှိပါသည်။ ထို့ကြောင့် စာသင် ကျောင်းတွင် စက်ရေတွင်းတစ်တွင်း တည်ဆောက်ပေးမည်ဆိုပါက ကျောင်းသား များအတွက် သောက်သုံးရေ လုံလောက်မှုရရှိလာမည်ဖြစ်ပါသည်။ကျောင်းတွင် ကလေးများ အတွက် အာဟာရ တိုက်ကျွေးမှုမကြာခဏရှိပါသည်။ ဒါ့အပြင်ကျောင်းတွင် ဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ သို့သော်ကျောင်းသား/သူများအတွက် အားကစားပစ္စည်းများ လုံလောက်မှုမရှိပါ။

ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှလည်း ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်း များကို တက်ကျစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်း အဆင့်အောင်မြင်သူ (၂၅၃)ဦး၊ အလယ်တန်းအဆင့်တတ်မြောက်သူ(၇၂)ဦး၊ အထက်တန်း အဆင့်အောင်မြင်သူ(၁၄)ဦး တို့ရှိသည်။ ယခင်ကကျေးရွာတွင် စာသင်ကျောင်း မရှိသော ကြောင့် စာတတ်မြောက်မှု နည်းပါးပါသည်။ ထို့အပြင်အသိပညာ ဗဟုသုတအားနည်း ခြင်း ကြောင့်လည်း ပညာရေးနောက်နှေးရခြင်းဖြစ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သဲကုန်းကျေးရွာတွင် မိုးရာသီ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန် တုတ်ကွေး ရောဂါ များအနည်းငယ်ဖြစ်ပွားကြပါသည်။ ဒါ့အပြင် တီဘီရောဂါ၊ ဆီးချို၊ သွေးတိုးရှိသူ အနည်းငယ်ရှိပါသည်။ ကျေးရွာသို့ ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး (၂၀၁၉)ခုနှစ်နိုဝင်ဘာလ တွင် ကျေးရွာအတွင်းရှိ ကလေးလူငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးကို လာရောက် ထိုးပေးပါသည်။ သဲကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ သို့သော် လည်း ညာဓဝယ်ကျေးရွာရှိ ဓနုကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ပြသကြပြီး အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ ဆေးရုံသို့ပို့ဆောင်ကုသရပါသည်။ ထိုသို့ သွားရောက်ရာ တွင် တစ်ခါတစ်ရံ ဆိုင်ကယ်ကယ်ရီခေါ်မရခြင်း၊ ကားခေါ်မရခြင်းများ ကြုံတွေ့ရသဖြင့် လူနာတင်ယာဉ်တစ်စင်းရှိပါက ကျန်းမာရေး အရေးပေါ်များ အတွက် အလွယ်တကူအသုံးပြုနိုင် ပြီးလူ့အသက်များကို လည်းကယ်တင်နိုင်မည် ဖြစ်ပါသည်။ သဲကုန်းကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အနည်းငယ်သာရှိပြီး အိမ်သာ အသုံးမပြုသည့်အိမ်ထောင်စုသည် ကျေးရွာရှိ အိမ်ထောင်စု၏ ထက်ဝက်ခန့်ရှိသဖြင့် ကျန်းမာရေးအသိအမြင်အားနည်း သောကြောင့် ကျန်းမားရေး နှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ပါသည်။

သဲကုန်းကျေးရွာတွင် လက်တူးရေတွင်း(၃၃)တွင်းရှိပါသည်။လက်တူးတွင်းများ ကိုအသုံးပြုကြသော်လည်းနွေရာသီတွင် ခရိုင်ချင်းဆက်လမ်းမအပေါ်ပိုင်းရှိ အိမ်များမှာ ရေရှားပြီး ရွာအောက်ပိုင်းရှိ ရေေပါသောအိမ်များတွင် သွားရောက်ရေခပ်ရသဖြင့် အချိန် ကုန်ခြင်း၊ အလုပ်မတွင်ခြင်း၊ ကြုံတွေ့ရပါသည်။ ထို့ကြောင့် စက်ရေတွင်းနှင့် ရေစက်ရုံကို

ကျေးရွာတွင် မြေနေရာရှိသဖြင့် တည်ဆောက်ပေးမည် ဆိုပါက အပေါ်ပိုင်းရှိ နေအိမ်များ အတွက် သောက်သုံးရေ အဆင်ပြေပြီး ပိုမိုအလုပ်တွင်ကျယ်လာမည်ဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သဲကုန်းကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် အမှိုက်များကို မိမိအိမ်ခြံဝန်း အတွင်း၌ကျင်းတူးပြီး မီးရှို့သော အိမ်ထောင်စုအချို့ရှိပါသည်။ အမှိုက်များကို စနစ်တကျ စွန့်ပစ်မှုအားနည်းသော အိမ်ထောင်စုများ လည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် အသိပညာဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ်စီမံကိန်းကို ဆောင်ရွက်ခြင်း ဖြစ် ကျေးရွာသာယာလှပသန့်ရှင်းအောင်ဆောင်ရွက် သင့်ပါသည်။ ဒါ့အပြင် သဲကုန်းကျေးရွာ တွင် နှစ်စဉ်မိုးတွင်းကာလများတွင် ရေကြီးပြီး လူနေအိမ်(၁၀)အိမ်ခန့် ရေဝင်ခြင်း များကြုံတွေ့ ရသဖြင့် သဘာဝဘေးလျော့ချရေးအစီအစဉ်များကိုဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာတွင် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသား အိမ်ထောင်စု အနည်းငယ်သာရှိသည်။ လက်လုပ် လက်စား လုပ်ကိုင်သော အိမ်ထောင်စုများပြားသည်။ သဘာဝဘေးအန္တရာယ်များ နှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများမရှိပါ။ ရွှေ့ပြောင်းလုပ်သား များမှာ အသက်မွေးဝမ်း ကျောင်း လုပ်ကိုင်နိုင်ရန် အတွက် အခွင့်အလမ်းနည်းပါးခြင်းဖြင့် ရွှေ့ပြောင်း အလုပ်သမား များပြား ပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများမပါဝင်ကြပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာပါဝင်ဆောင် ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက်နည်းပါး ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုအားနည်းပါသည်။ လူငယ်များအပန်းဖြေအနားယူရန်အတွက် အားကစားကွင်း မရှိပါ။ သို့သော်လည်း ခြံလွတ်နှင့် မြေလွတ်များတွင် ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်းများ ပြုလုပ် ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ လူငယ်များသည် သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေး ဘာသာရေး၊ ပရဟိတလုပ်ငန်းများ တွင် ပါဝင်ကြသည်။ သို့သော်ရိုးရာဓလေ့ ယဉ်ကျေးမှု ထိန်းသိမ်းရေးအားနည်းနေသည်။ ရိုးရာဓလေ့ ယဉ်ကျေးမှု ဘာသာစကားများကို စိတ်ဝင်စား လာစေအောင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဓနုကျေးရွာအုပ်စု			ကျေးရွာအမည် – သဲကုန်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဟာဒရသုခလမ်း(၇၄၀')အားမြေသားလမ်းမှ (၇၄၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး ၁
၂	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုးအား (၁၀၅၀' x ၆') အုတ်ခြံစည်းရိုးအဖြစ် သို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး ၂
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	စံဖူလမ်း (၁၇၄၆') အား မြေသားလမ်းမှ (၁၇၄၆'x၁၂'x၈") ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး ၃
၄	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	နှစ်ထပ်ကျောင်းဆောင်အသစ်တစ်ဆောင်ဆောက်လုပ်ခြင်း။	
၅	ဌေကြေး	ရပ်ရွာခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၆	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း။	
၇	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာနှစ်ခန်းတွဲအသစ်တစ်လုံးဆောက်လုပ်ခြင်း။	

ကျေးရွာအုပ်စုအမည် – ဓနုကျေးရွာအုပ်စု			ကျေးရွာအမည် – သဲကုန်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၈	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စက်ပြင်၊စက်ချုပ်သင်တန်းများဖွင့်လှစ်ခြင်း။	
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မောင်ဝင်းလမ်း(၃၃၀')အားမြေသားလမ်းမှ (၃၃၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	စာသင်ကျောင်လမ်း(၁၅၀')အားမြေသားလမ်းမှ (၁၅၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်း။	
၁၂	လူငယ်နှင့်အားကစား	အားကစား	အားကစားပစ္စည်းဝယ်ယူခြင်းနှင့်အားကစားကွင်းပြုလုပ်ခြင်း။	
၁၃	စိုက်ပျိုးရေး	ရေ	ကျခတ်ရိုးချောင်းအား (၃မိုင် x ၁၅' x ၅') ချောင်းကော်ဖော်ခြင်း။	

၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	စာသင်ကျောင်းတွင် စက်ရေတွင်းနှင့်စင်မြင့်ရေစင်တစ်ခု တည်ဆောက်ခြင်း။	
ကျေးရွာအုပ်စုအမည် – ဓနုကျေးရွာအုပ်စု			ကျေးရွာအမည် – သဲကုန်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၅	ကျန်းမာရေး	လူနာတင်ကား၊ကျန်းမာရေးဝန်ဆောင်မှု အဖွဲ့၊နိဗ္ဗာန်ယာဉ်စသည်	လူနာတင်ယာဉ်တစ်စင်းဝယ်ယူခြင်း။	
၁၆	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းနှင့် မြေဆီလွှာထိန်းသိမ်းနည်းသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၁၇	မွေးမြူရေး	နည်းပညာ	မွေးမြူရေးနည်းပညာသင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။	
၁၈	သယံဇာတနှင့်သဘာဝပတ် ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးလျော့ချရေးဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း။	

သဲကုန်းကျေးရွာ၊ ဓနုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသက်ရှည်	ဦးလှဖေ	၁၀/သထန (နိုင်) ၁၂၈၆၁၀	၅၅	အုပ်ချုပ်ရေးမှူး	၀၉၇၇၃၁၀၈၃၆၉
၂	ဦးလေးခေး	ဦးဒေါန	၁၀/သထန (နိုင်) ၁၉၀၆၀၆	၄၅	ဥက္ကဋ္ဌ	–
၃	ဦးမြင့်သိန်း	ဦးဒေဒူ	၁၀/သထန (နိုင်) ၁၈၂၇၅၄	၄၁	အတွင်းရေးမှူး	၀၉၇၇၉၃၉၅၉၈၄
၄	ဦးကျော်ထွေး	ဦးသိန်းမောင်	၁၀/သထန (နိုင်) ၁၀၇၅၆၈	၄၈	ဘဏ္ဍာရေးမှူး	–
၅	ဦးဖာဒီသို	ဦးသာအေး	၁၀/သထန (နိုင်) ၂၂၃၁၆၃	၄၄	စာရင်းကိုင်	–
၆	ဦးဇော်ထွန်း	ဦးတညာ	၁၀/သထန (နိုင်) ၂၁၃၉၈၂	၄၂	အဖွဲ့ဝင်	၀၉၇၆၆၉၄၄၀၃၀
၇	ဦးဖိုးလုံး	ဦးမြဦး	၁၀/သထန (နိုင်) ၂၀၈၁၉၃	၂၈	အဖွဲ့ဝင်	–
၈	ဦးအောင်ကြည်ဝင်း	ဦးလှရွှေ	၁၀/သထန (နိုင်) ၂၁၁၅၄၈	၂၅	အဖွဲ့ဝင်	–
၉	ဦးမောင်မိုက်	ဦးကျော်လှ	၁၀/သထန (နိုင်) ၂၄၇၂၂၇	၄၅	အဖွဲ့ဝင်	–
၁၀	ဒေါ်မုလေး	ဦးမောင်ဖိုးနီ	၁၀/သထန (နိုင်) ၂၂၃၂၆၅	၃၃	အဖွဲ့ဝင်	–
၁၁	ဒေါ်နန်းစော	ဦးစောဖေ	၁၀/သထန (နိုင်) ၂၂၃၂၂၁	၅၄	အဖွဲ့ဝင်	–
၁၂	ဦးဖိုးဃီ	ဦးဝင်းမြင့်	–	၃၄	အဖွဲ့ဝင်	–
၁၃	ဒေါ်မန္တဲ့	ဦးဒေါန	၁၀/သထန (နိုင်) ၂၃၈၃၆၂	၅၅	အဖွဲ့ဝင်	–

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၃	၁၄	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅	၃၀	၅၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၄	၂၉	၅၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၉	၁၅၆	၂၈၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆	၁၃	၁၉
စုစုပေါင်း		**၁၉၉**	**၂၄၅**	**၄၄၄**
စုစုပေါင်း အိမ်ထောင်စု		**၇၆**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် အိမ်ထောင်စု (၇၆) စု၊အိမ်ခြေ(၇၄)အိမ်၊ လူဦးရေ (၄၄၄) ဦး ရှိပါသည်။ သဲကုန်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၁၃%)၊ မူလတန်း ကျောင်းသားအရွယ် (၁၂.၃၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၉၄%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၄.၁၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၂၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၅.၈၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၂၉) ဦး၊ မ (၁၅၆) ဦး စုစုပေါင်း (၂၈၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၄.၁၈%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၃	၁၀၂	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၈	-	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း /	၂၇	၄၈	၇၃	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂ခ	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၇၆	၁၅၈	၇၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သူများပြားပါသည်။ ၎င်းလုပ်ငန်းလုပ်ကိုင်သူများသည် တစ်ခါတစ်ရံတွင် ဆိုင်ကယ်၊ထော်လာကျီမောင်း၍ ခရီးသွားပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ အနည်းငယ်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားတစ်ပိုင်တစ်နိုင်လုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် တစ်ခြားပြည်ပနိုင်ငံများသို့ သွားရောက်သည့် လူဦးရေသည် အလုပ်လုပ်နိုင်သည့် လူဦးထက်နည်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ကျေးရွာအတွင်းရှိ အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင် မှုပေါ်မူတည်ပြီး ကျား/မ ဝင်ငွေခြားနားရခြင်းဖြစ်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သည့် သူများ၏ လုပ်ကိုင်သည့်လုပ်ငန်းများနှင့် လုပ်အားခပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၄	ကောင်း☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၃၆	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၃၁	ကောင်း☐	သင့်✓	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၅	ကောင်း ☐	သင့်✓	ညံ့ ☐
စုစုပေါင်း	**၃၃၆**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် လယ်(၆၄)ဧက၊ဥယျာဉ်ခြံမြေ(၁၃၆)ဧက၊ ကိုင်းမြေ(၁၃၁)ဧကရှိပြီးမြေဆီလွှာအရည်အသွေးအသင့်အတင့်သာရှိပါသည်။သီးနှံမစိုက်ပျိုးသည့် မြေလွတ်မြေလပ်(၅)ဧကရှိပါသည်။ သဲကုန်းကျေးရွာတွင် ကျေးရွာပိုင်စားကျက်မြေများမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၅ဧကအောက်	မရှိ	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး	သွပ်မိုး	ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထော်လာကျီ	သုံးဘီး/ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စပါး/ရော်ဘာခြံ	ရော်ဘာခြံ	ဆိုင်ကယ် ကယ်ရီ၊ ကြုံရာကျပန်း၊	ကြုံရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	**၃၀**	**၂၂**	**၂၄**	**မရှိ**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများရှိပါသည်။ မပြေလည်သောအိမ်ထောင်စုများအနေဖြင့်ရာသီအလိုက် နေ့စားကျပန်းလုပ်ငန်းများကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာတွင် ယခင်ကဆင်းရဲပြီး မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)စုသာရှိပြီးထိုအိမ်ထောင်စုနှစ်စုသည် အမျိုးသားများဆုံးပြီး မိသားစုဝင်ကလေးငယ်များဖြင့်သာ ကျန်ရှိသောကြောင့် စီးပွားရေးအဆင်မပြေမှုများကြုံတွေ့ရပြီးစားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ရသော်လည်း ယခုအချိန်တွင် ကလေးများအရွယ်ရောက်ပြီးအလုပ်လုပ်နိုင်သောကြောင့် စီးပွားရေးအသင့်အတင့်ရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော်လည်း အချို့နှစ်များမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးပျက်စီးခြင်းနှင့် ပဲ၊နှမ်း ပျက်စီးခြင်းများကြုံတွေ့ရပါသည်။ရာသီကူပြောင်းမှုကြောင့် ဖျားနာမှုအနည်းငယ်ရှိပါသည်။ ရွာသူ/သားများသည် ဆွေမျိုးမကင်းသောကြောင့် ပြည်တွင်းပဋိပက္ခ မရှိပါ။ ကျေးရွာရှိ တိရစ္ဆာန်များသည် ခွာနာ၊ လျှာနာ ရောဂါစသည့် တိရစ္ဆာန်ရောဂါများနှင့်ကြက်၊ ဝက် တုတ်ကွေး ရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

